**ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း**

| | |
|---|---|
| တင်ပြရန်လိုအပ်မည့်အထောက်အထားများ | (၁) ဖော်စပ်ထုတ်လုပ်မည့် ပိုးသတ်ဆေးများနှင့်ပက်သက်သော ပညာရပ် ဆိုင်ရာအချက်အလက်များ ဖော်ပြပါရှိမည့်ထုတ်လုပ်မှုနည်းစနစ်အကျဉ်း (စွန့်ပစ်ရေများ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်းများ သန့်စင်ရေး လုပ်ငန်းများ အပါအဝင်)<br>(၂) ပိုးသတ်ဆေးမှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံ တင်လက်မှတ်၊<br>(၃) ပိုးသတ်ဆေး မူပိုင်ရရှိထားသူ (သို့မဟုတ်) အဆိပ်ရှိပစ္စည်းထုတ်လုပ် သူ၏ သဘောတူညီချက်၊<br>(၄) ထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပိုးသတ် ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူ ၊<br>(၅) ဖေါ်စပ်မည့် ပိုးသတ်ဆေးစာရင်းနှင့် အရည်အသွေး စစ်ဆေးရန် ပိုးသတ် ဆေး နမူနာ<br>(၆) ထုပ်ပိုးမှု အရွယ်အစားနှင့် နှစ်အလိုက်ထုတ်လုပ်မည့် ပမာဏ၊<br>(၇) ထည့်သွင်း/ ထုပ်ပိုးပစ္စည်း နမူနာနှင့် တံဆိပ် (အညွှန်းစာ)များ၊<br>(၈) အသုံးပြုမည့်ပစ္စည်းကိရိယာများစုဆောင်းထားရှိမှု၊<br>(၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင် ရွက်ထားရှိမှု၊<br>(၁၀) စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျစွန့်ပစ်ရန် ဆောင်ရွက် ထားရှိမှု၊<br>(၁၁) မီးဘေးအန္တရာယ် ကာကွယ်ရန် ကိရိယာများ တပ်ဆင်ထားရှိမှု၊<br>(၁၂) စက်ရုံတွင်းမှ အနံ့အသက်များပပျောက်ရန်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၊<br>(၁၃) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်ငန်းစဉ်၊<br>(၁၄) သဘာဝပတ်ဝန်းကျင်အန္တရာယ်ကင်းစေရေးအတွက်ဆောင်ရွက်ထ ားရှိမှု၊<br>(၁၅) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်နှင့် သိုလှောင်ရုံအတွက် လက်လီလက်ကား ရောင်းချခွင့်လိုင်စင်၊<br>(၁၆) သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ၊<br>(၁၇) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက် လိုအပ်မည့် (တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် သက်ဆိုင်ရာဌာနဆိုင်ရာများ၏ ထောက်ခံချက် များ) |
| လက်တွေ့လုပ်ထုံ း လုပ်နည်း | (က) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့်အထောက်အထားများကို စိုက် ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။<br>(ခ) ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေး နည်းပညာ ကော်မတီဝင်များ ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံ အား ကွင်းဆင်းစစ်ဆေးပါမည်။<br>(ဂ) ကွင်းဆင်းစစ်ဆေးအစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေး ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီးပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်း ပြီး ပုံစံ(၄) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။ |

| | |
|---|---|
| ဝန်ဆောင်ခ | - ၃နှစ်လျှင်၁၅၀၀,၀၀၀ ကျပ် (ဆေးတစ်မျိုးအတွက်) |
| ကြာမြင့်ချိန် | - လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် (၂) ပတ်နှင့်လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက် အလက်များ ပြည့်စုံမှု ရှိ/မရှိပေါ် မူတည်၍ အချိန်ကြာမြင့်နိုင်မည်။ |
| မှတ်ချက် | - |
| လျှောက်ထား ရမည့်နေရာ | လျှောက်လွှာအားညွှန်ကြားရေးမှူးချုပ်(ရုံးခန်း)၊စိုက်ပျိုးရေးဦးစီးဌာန၊ရုံးအမှတ်(၁၅)၊နေပြည်တော်သို့လိပ်မူ၍လျှောက်ထားရမည်။ |
| အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့် | ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန |